# သခင့်စကား
# The LORD's Word


မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်


**ထိုသူတို့သည် လူများရှေ့တွင် စကားတော်၌ အပြစ်မတွေ့နိုင်သဖြင့် ပြန်ပြောတော်မူသော စကားကို အံ့ဩ၍ တိတ်ဆိတ်စွာ နေကြ၏။**
**လုကာ ၂၀:၂၆**


အမှတ်စဉ် (၁၈၂) အောက်တိုဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## အလင်းတစ်စက် *မင်းအောင်သက်လွင်*

ပြင်းချက် မရှိ ၊ ခြွင်းချက် မရှိ ၊ ယွင်းပျက်မှု နတ္ထိ
ကွင်းကွင်းကွက်ကွက် သိစေဖို့အတွက် -
ချောင်ကို နင်းဖျက် အလင်းတစ်စက်
အမှောင်ကို ခွင်းဖျက် အလင်းတစ်စက်
အလင်းတစ်စက် အဖြစ်နဲ့ သခင့်အတွက် အစေခံမယ်။ ။



(နှုတ်ကပါတ်တော် သည် အကျွန်ုပ် ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ် လမ်းခရီးကို လင်းစေ ပါ၏။ ဆာလံ ၁၁၉း၁၀၅)

--------------------------------------------------

## ဖာရိရှဲ သတိပြု - ၁ [*မင်းအောင်သက်လွင်* (မဿဲ ၂၃း၁၃။ လုကာ ၁၁း၃၇)]

ပါးစပ်ပေါက် က အမြှုပ်ထ ၊ ဘုရား ဘုရား သူ အမြဲ တ။
လက်နှစ်ဘက်က လှုပ်လှုပ်ရွ ၊ ကားယား ကားယား သူအမြဲ က။
လူအထင်ကြီးအောင် လမ်းဂ မှာ၊ ဆုတောင်းချက်က အလွန် ကြာ။
လူ ရှိသေအောင် ကင်ပွန်းတပ် ၊ ဆရာ ဆရာ နဲ့ သူ့အမြီး သူတပ်၊
လူတွေ လေးစား ကြည်ညိုအောင် ၊ ရှည်လျားဂတ်ရုံ သူ ခြုံဆောင်။
ပါးစပ် တလွဲ လက်တခြား ၊ မျက်ကန်း အချင်းချင်း လမ်းပြသွား။
နှစ်ရှည် နှစ်တို စီမံကိန်းတွေ ၊ ငါးဖမ်း ရအောင် ကြံဆောင်နေ
ပေးတဲ့ ငါးကို ငွေကုန်ခံ ဖမ်း ၊ ခြံတွင်း သိုးတွေ မျက်စိကန်း။
သူများ အပြစ်ဆို သူ ကြော်ငြာ ၊ သူ့အပြစ် ကျတော့ ထိန်ချန်တာ
စပါးမှည့်ပြီ ညာသံပေး ၊ သူကိုယ်တိုင်က တုံ့နေးနေး။
ဘာသာရေး ယောင်ယောင် သူဟန်ဆောင် ၊ "ဖာရိရှဲ" လို့ အမည်ပြောင်
(ဗိမ္မာန်တော်ထဲကို)
ယေရှုခရစ်တော် ရောက်တဲ့နေ့ ၊ ဖာရိရှဲ စားပွဲတွေ မှောက်မဲ့နေ့။
ဗိမ္မာန်တော်ထဲ ယေရှုရောက် ၊ ဖာရိရှဲ စားပွဲတွေ အကုန်မှောက်။
အာ လောက်လောက် ၊ အာ လောက်လောက်။ ။ လုကာ-၂၀း၄၆-၄၇



-------------------------------------------

## ကျွန်ုပ်ချစ်တဲ့ကျွန်ုပ်၏ဘုရား {ဖွန်ပန်း}

*အမြင့်ဆုံးကို တွန်းတင်တတ်တဲ့ လက်တွေ အများကြီးရှိသလို.....
အဆုံးထိအောင် ဆွဲချတတ်တဲ့ တစ်စုံ မကသော လက်တွေလဲ အများကြီးဘဲ။
ထိုလက်တွေ အများကြီးထဲက ကျွန်ုပ်တွက် အကောင်းဆုံး လက်တစ်စုံက
ကျွန်ုပ်ရဲ့ သခင်လက်တစ်စုံပေါ့။



*ဝေဖန်ပိုင်းခြားတတ်တဲ့ လောက မျက်ဝန်းပေါင်း များစွာထဲမှာ၊
ကျွန်ုပ်တွက် အကြင်နာ မျက်ဝန်းတစ်စုံက၊
ကျွန်ုပ်ရဲ့ သခင့်မျက်ဝန်း တစ်စုံပေါ့။
*ပြစ်တင်ရှုတ်ချ ကဲ့ရဲ့တတ်တဲ့ နှုတ်ခမ်းများစွာ (စကားများစွာ)
ပေါများလှတဲ့ လောကကြီးမှာ၊ ကျွန်ုပ်အတွက် ချိုသာစကား နားဝင်ချိုအောင်
နှလုံးသားထိ ဆုံးမသွန်သင် လမ်းပြနိုင်သူ -
ကျွန်ုပ် သခင် ၊ ကျွန်ုပ်ရဲ့ နှုတ်ကပတ်တော်၊ ကျွန်ုပ်ရဲ့ ဘုရား၊
*ခိုင်မြဲခြင်း မရှိသော ကြမ်းတမ်းတဲ့ လက်များစွာထဲ
ကျွန်ုပ်ရဲ့ သခင်လက်တစ်စုံက ထာဝစဉ် ခိုင်မြဲလျက် ကျွန်ုပ်ကို စွဲကိုင်ထားတယ်၊
*နွေးထွေးမှု မရှိ အကြင်နာ မပါ၊ အထင်သေး တတ်တဲ့ မျက်ဝန်း များစွာထဲမှာ
ကျွန်ုပ်သခင်ရဲ့ မျက်ဝန်းက ကြင်နာမှုအပြည့်နဲ့ ကျွန်ုပ်ကို ကြည့်ရှုနေတယ်၊
*သကာလို ချို ၊ ရင်ထဲမပါ နှုတ်ထွက်စကား၊ ပေါများလှတဲ့ လောကကြီးမှာ၊
ကျွန်ုပ်သခင် ရင်တွင်းက လာ၊ ရင်တွင်းစကား စေတနာ၊ မေတ္တာ၊ ဆုံးမ စကား၊
ဖျောက်ဖျက် မရအောင် နှလုံးသားမှာ ရိုက်နှိပ်စေတဲ့
သမ္မာစကား၊ သမ္မာတရား၊ ကျွန်ုပ်ကို ချစ်တဲ့ ကျွန်ုပ်၏ ဘုရား၊
*သခင့်ရဲ့ ခိုင်မြဲသော လက် တစ်စုံကြောင့်



ကျွန်ုပ် ယနေ့ထိ လောကမှာ ရပ်တည်နိုင်တယ်။
*သခင့်ရဲ့ ကြင်နာမှု အပြည့်နဲ့ မျက်ဝန်း တစ်စုံကြောင့်
ကျွန်ုပ် ယနေ့ထိ လောကရဲ့ မျက်လုံးပေါင်း များစွာရှေ့မှာ ရပ်တည်နိုင်တယ်၊
*သခင့်စကား၊ သခင့်တရား၊ ကျွန်ုပ်ချစ်တဲ့ ကျွန်ုပ်၏ ဘုရား။ ။ {ဖွန်ပန်း}



-------------------------------------------

## သခင့်စကား ၁၅ နှစ်ခရီး ဆုမွန်

လိုနေ ကွက်လပ်
မပြတ်လပ်ဖို့
ဖြည့်ဆည်းပေးခဲ့တာ
ဒီ ... သခင့်စကား ပါ။ ။ *ဆယ်မြို့ရယ်စိုးလွင်*



(သခင့်စကား စာပေ သာသနာ ခရီးသည် နောင်နှစ်ပေါင်း တည်တံ့စွာဖြင့် လောကီ၊ လောကုတ္တရာ အကျိုးကို ဆထက် ထမ်းပိုး ဖြည့်ဆည်းပေးနိုင်ပါစေ...။)

-------------------------------------

## တစ်နေ့ သိုးသူငယ် - ဒါးက


နံနက်ရောက် အလင်းပေါက်လို့
လုပ်ငန်းသွားရန် ခြေလှမ်း ပြင်တော့
ထမင်းချိုင့် ဆိုတဲ့ ထမင်းဘဲ ပါတဲ့ ချိုင့်ကို ဆွဲ။
ရာ ကျော် ထောင် မပြည့်တဲ့ ငွေအကြွေ တစ်ချို့ကို
လက်က ဆုပ်ရင်း စထွက်ခဲ့တယ်။
ဒီနေ့အတွက် ခြေလှမ်းက လှမ်းရင်း လမ်းပျောက်
အလုပ် မရောက်တဲ့ နေ့တွေကို မှန်းရည်
ဒဏ္ဍာရီထဲက နေ့ရက်တစ်ချို့ရဲ့ ခြေလှမ်းတွေကို
ပြန်မြင်ယောင်ရင်း မဆုံးနိုင်တဲ့ ဆုံးဖြတ်ချက် ငါ ထပ်ချလိုက်ပြန်တယ်။
တစ်နေ့ ငါ ဘာလုပ်မယ်။ တစ်နေ့ ငါ ဘာဖြစ်ရမယ်၊ တစ်နေ့ ငါ ---
ဒီနေ့အတွက် အတွေးပျောက်ကာ
တစ်နေ့ကို မှန်းရင်း လျှောက်တဲ့လမ်း
တနေ ဂင် သွားပြန်ပြီလေ။ ။



-------------------------------------------

## သခင့်စကားသို့ ကိုးအယ်(ဇိအုန်ကုန်း)

သခင့်စကား သမ္မာတရား
တဆယ့်ငါးနှစ် တိုင် ခရီးတွင်ခဲ့ပြီ။
သခင့်စကား အမှန်တရား
အလင်းအိမ်များ လင်းခဲ့ကြပြီ။
သခင့်စကား အစေခံလမ်းမှာ
မှတ်တိုင်တစ်ခု ထူနိုင်ခဲ့ပြီ။
သခင့်စကား ကလောင်သစ်များ
မျိုးဆက်သစ်တို့ မွေးထုတ်ခဲ့ပြီ။
သခင့်စကား မရပ်မနား
ခရီး ဆက်ဦးမည်။ အစေခံ သွားမည်။ ။



-------------------------------------

## လျှာ Saw Z Net

လျှာ - သခင်ဘုရား ပေးထားတာ လျှာ
လူတွေကို ကျိန်ဆဲဖို့ မဟုတ်ပါ။
လျှာ - ခန္ဓာတခုလုံး ညစ်ညူးစေတတ်တာ လျှာ
အလွန်တရာ သေးငယ်လွန်းသော လျှာ။
လျှာ - ချိုသာသော စကားလုံးများနှင့်သာ
လျှာ - ကိုယ်တော်ကို အစဉ်ချီးမွမ်းလိုက်စမ်းပါ။ ။ Saw Z Net



# လက်တို့ပြီးတော့ မေးရအုံးမယ်

**လက်တို့ပြီးတော့ မေးရအုံးမယ်။ (၁၁)** Daddy Htut

ဘုရားသခင်ကို ချစ်သော မိတ်ဆွေတို့ ဘယ်လောက် ယုံကြည်ပါသလဲ။ ကျွန်တော်၊ ကျွန်မတို့ နှလုံးသားထဲက ယုံကြည်ပါတယ်သာ ပြောနေကြတာ၊ တခါ တလေ ယုံမှား သံသယ ဖြစ်မိကြမှာ အမှန်ပါဘဲ၊ အရင်ဆုံး ယုံကြည်လာဖို့က ဘုရား သခင်ကို နားလည်မှု အပြည့်အဝ ရှိဘို့ လိုပါတယ်။ တဦးနဲ့ တဦး နားလည်မှု မရှိရင် ယုံကြည်မှု မရရှိနိုင်ပါဘူး။ တရားစရပ်မှူး ယာဣရု၏ သမီးကလေး သေဆုံးရာမှာ ရှင်ပြန် စေခြင်း အကြောင်းကို ပြန်လည်သတိရ ခွန်အား ယူစေချင်ပါတယ်။ (ရှင်မာကု ၅း ၃၅-၃၆။ ထိုသို့ မိန့်တော်မူစဉ်တွင် တရားစရပ်မှူး အိမ်မှ လူ လာ၍၊ ကိုယ်တော်၏ သမီး သေပါပြီ။ အဘယ်ကြောင့် ဆရာကို နှောင့်ရှက် သေးသနည်းဟု ဆိုကြ၏။ ထို စကားကို ယေရှုသည် ကြားလျှင်၊ မကြောက်ကြနှင့်။ ယုံကြည်ခြင်း စိတ်တခုသာ ရှိစေ လော့ဟု တရားစရပ်မှူးအား ချက်ခြင်း မိန့်တော်မူ၏။) ချစ်သော မိတ်ဆွေတို့ကရော သခင် ယေရှု အပေါ် ဘယ်လောက် ယုံကြည်ခြင်း ရှိကြပါသလဲလို့ ဆင်ခြင် အောက်မေ့ ကြပါစို့။ ။ Daddy Htut



---

# တရားဟောဆရာ



**တရားဟော ဆရာ** [တင်ဝင်းမှန်]

တရားဟော ဆရာ ဘယ်က စတင် လာသလဲ။ ဘာလို့ ဆရာ အခေါ် ခံလာကြလဲ။ အချို့က အရှင်ဘုရား လို့တောင် အခေါ်ခံ လာကြတယ်။ အရမ်း ဘုန်းကြီးချင်၊ အချီးမြှောက် ခံချင်လွန်းလို့ အာဏာရှင်တွေလို ဖြစ်လာကြတဲ့ ဘာသာရေးသမား ဘုန်းကြီး ခေတ်တွေ ရှိခဲ့ကြဖူးတယ်။ ခေတ်သစ် တရားဟော ဆရာတွေ လောကီ ပုံသဏ္ဍာန်နဲ့ မင်းသား လိုလို၊ မော်ဒယ်ဘွိုင်း လိုလို၊ လူပျက်လိုလို၊ လူရွှင်တော်လိုလို ပေါ်လာကြတာ မူလ သမ္မာကျမ်း တရား ပျောက်ပြီး ပျက်လုံးများ ဟာသများသာ အသင်းတော်မှာ ကျန်ရစ် ခဲ့သည်။ သူများကို ဖဲ့တာတွေ၊ အတင်း တုတ်တာတွေ၊ အခြားလူမျိုးကို ကဲ့ရဲ့ တာတွေ ကိုယ့် အသင်းတော်နဲ့ ကိုယ့်အဖွဲ့ချုပ်ကို ကိုယ်ပြန်ရှုံ့ချတာတွေ ကျောင်းတော် ဝတ်ပြုခန်းထဲ မသိမသာ ဝင်လာကြပြီ။ ရယ်မောရမှ စိတ်ဝင်စားစရာ ကောင်းပြီး လောကအကြောင်း ပြောမှ တရားနာမည့်သူ အများစု ဖြစ်လာကြပြီ။ ရှေးတုံးက ဟောခဲ့ဖူးတဲ့ တရားရေအေးကို မကြားချင် ကြတော့ပါ။

ရှင်ပေါလု တရားဟောတာ အရမ်း ရယ်ရတယ်လို့ ကျနော် မကြားဖူးပါ။ ပေတရု က ပရိတ်သတ် အိပ် မငိုက်အောင် စိတ်ဝင်စားစရာလေးတွေ တင်ဆက်ပြီး တရားဟော တတ်တယ်လို့ မကြားဖူးပါ။ ဟေရှာယက နှုတ်ကပတ်တော်ကို သူများ စိတ်ဝင်စားအောင် အချစ်သီချင်း တပုဒ် အရင် ဆိုပြတယ်ဆိုတာလဲ မကြားဖူးပါ။ တရားတော်ကို အတည့် မြင်အောင် မျက်စိကို လှည့်ဖြားပြီး ဟောသူ၊ တမန်တော်များ မရှိခဲ့ပါ။ တမန်တော်များ တရားတော်ကို တည့်တည့်ဘဲ ဟောပါတယ်။ ဟာသ ရွှေသွေး နဲ့ မရောနှောပါ။ အရမ်း ရယ်ချင်လို့ တရားနာမယ်ဆို နဲ်နဲ ပင်ပန်းပါတယ်။ ကိုယ့် ဖာသာ ဂလိထိုးပြီး ရယ်လိုက်ပါ။ ဒါမှ မဟုတ် ချာလီ ချက်ပလင်တို့၊ မစ္စတာ ဘင်းန်တို့ရဲ့ ဇာတ်လမ်းလေးတွေ။ မြန်မာ အငြိမ့် လူရွှင်တော် အခွေလေးတွေ ကြည့်နိုင် ပါတယ်။ အူမြူးစေသော အကြောင်းများ နှုတ်ကပတ်တော်မှာ မရှိ။ ဝမ်းမြောက် ခြင်းသာ တရားတော်မှာ ရှိပါတယ်။ နှုတ်ကပတ်တော်ကို ကိုယ် ခံယူ ဆင်ခြင်တဲ့ အတိုင်း ပကတိ အတိုင်း ပြန်လည် ပြောပြသူသည်သာ တရားဟော ဆရာ စစ်စစ် ဖြစ်သည်။ ။ တင်ဝင်းမှန်

---

# နှုတ်ကပါတ်တော်နှင့်ပြည့်ဝသောအသက်တာ


**နှုတ်ကပါတ်တော်နှင့်ပြည့်ဝသောအသက်တာ** Mary (ဖျာပုံ)

Filled with the word of GOD.

ဆာလံဆရာက - ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည်အကြောင်း ဗျာဒိတ် တော်ကို နှလုံး ထဲမှာ သိုထားပါပြီ။ ဆာလံ ၁၁၉း၁၁

အသက်တာတွင် ဘဝလမ်းခရီးသည် အတက်အကျ အနိမ့်အမြင့် ကြုံရစမြဲ ဖြစ်သည်။ အစစအရာရာ အဆင်ပြေချိန်ရှိသလို ကျပ်တည်းသော ည အချိန်ကာလ လည်း ရှိလေသည်။ အခြေအနေ ဆိုသည်မှာ အစဉ် ပြောင်းလဲနေသည် ထိုအရာကို ကျမတို့ မတားဆီးနိုင်ပါ။ ရင်ဆိုင်ရန်သာ ရှိသည် မည်သို့ပင် ဖြစ်စေ။ ကျမတို့၏ နှလုံးသား ထဲတွင် နှုတ်ကပါတ်တော်နှင့် ပြည့်ဝအောင် အစဉ် ဖြည့်တင်းမည် ဆိုပါက ကြုံတွေ့ လာသမျှ အကောင်းအဆိုး ဟူသမျှကို အောင်မြင်ကျော်လွှားကာ ဘုရား သခင် ဘုန်းတော် ထင်ရှားလာပေမည်။

သခင်ယေရှုသည် တော၌ ရက်ပေါင်း ၄ဝ အစာရှောင်စဉ် မာရ်နတ်၏ အဓိက စုံစမ်းမှု သုံးခုနှင့် ရင်ဆိုင်ရသည်။ (၁) အစား အသောက် ကိစ္စ။ (၂) ထင်ပေါ် ကျော်ကြား ခြင်း။ (၃) စည်းစိမ်ဥစ္စာ အာဏာရှိခြင်း ကိစ္စတို့ ဖြစ်သည်။ ဤ သုံးချက် အား ကမ္ဘာပေါ်၌ ရှိရှိသမျှ လူသား အားလုံးက အဓိက ထားပြီး အဓိက လိုအပ်ချက်ဟု ထင်မှတ် နေသော်လည်း ခရစ်တော်၏ အဓိက လိုအပ်ချက်မှာ ဘုရားသခင်၏ အလိုတော် ကို ဂန်ခံခြင်းသာ ဖြစ်ခဲ့သည်။ ထိုစုံစမ်းခြင်း သုံးရပ်အား နှုတ်ကပါတ်တော် အားဖြင့် ခရစ်တော် အနိုင်ယူခဲ့သည်။ ယေရှု ကိုးကား မိုငြမ်းခဲ့သော ကျမ်းချက်များမှာ - လူသည် မုန့်အားဖြင့် အသက် မွေးရသည် မဟုတ်။ ဘုရားသခင် မိန့်တော် မူသမျှ အားဖြင့် အသက် မွေးရသည်ကို သိစေတော်မူသည်။ တရားဟော ၈း၃။




သင်၏ ဘုရားသခင် ထာဝရဘုရားကို စုံစမ်းခြင်း မပြုရ။ တရားဟော ၆း၁၆ ။

သင်၏ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့ရမည်။ ထို ဘုရားသခင် ကိုသာ ဝတ်ပြု ရမည်။ နာမတော်အားဖြင့်လည်း ကျိန်ဆိုခြင်းကို မပြုရ။ တရားဟော ၆း၁၃။ သခင် ယေရှုသည် စာတန်၏ တိုက်ခိုက် စုံစမ်းမှုကို တုန့်ပြန်တိုင်း "ကျမ်းစာ လာသည် ကား" ဟု အစ ပြုကာ ထပ်ကာ ထပ်ကာ မိန့်မြွက်တော်မူခဲ့သည်။ ကျမတို့ အခက် အခဲ ပြဿနာ စုံစမ်းခြင်းနှင့် ထုထောင်းခံရသည့် အချိန်တွင် ကျမတို့ နှလုံးသား အထဲမှာ ရှိသော အရာသာ ထွက်လာမည် ဖြစ်ပါသည်။ ကျမတို့ စိတ်နှလုံး ခွက် ဖလား ထဲ၌ နှုတ်ကပါတ်တော် ရေ နှင့် ပြည့်ဝ နေပါက ကြုံလာသမျှ အရာ အားလုံး ၌ နှုတ်ကပါတ်တော်အတိုင်း အသက်ရှင်လာနိုင်မည် ဖြစ်သည် သာမက စုံစမ်းခြင်းများ အောင်မြင်ကာ ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည် ဖြစ်ပါသည်။

။ မေရီ (ဖျာပုံ)

---

# ကယ်တင်ခြင်းအကျိုးဆက်



*၅။ ကယ်တင်ခြင်းအကျိုးဆက်။* ဆယ်မြူရယ်စိုးလွင်

ကယ်တင်ခြင်းသို့ ရောက်ရှိသော သူတဦးသည် ဝိညာဉ်ရေးရာ အသက်တာ ၌ အကျိုးဆက်များစွာ ဖြစ်ပေါ်စေသည်။

က။ရွေးနှုတ်ခံရခြင်း။ ကယ်တင်ခြင်း မတိုင်မီက အပြစ်၏ ကျေးကျွန် ဖြစ်သော်လည်း ယခု မူကား ခရစ်တော်၏ အသွေးတော်အားဖြင့် ရွေးနှုတ်ခြင်းခံရပေပြီ ။( ၁ ပေ ၁း၁၈–၁၉) တွင် ခရစ်တော်၏ အသွေးတော်အားဖြင့် အပြစ်၏ကျေးကျွန်မှ ရွေးနှုတ်ခြင်းခံရ၍ ဘုရား ရှင်၏ အိမ်တော်သား အဖြစ်သို့ရောက်ရှိခဲ့သည်။

ခ။ အပြစ်လွှတ်ခြင်းခံရသူ။ ထိုအရာသည် ဝမ်းမြောက်ဖွယ်ရာဖြစ်သည်၊ ဘုရား ရှင် က ကယ်တင်ခြင်း အမှုကိုပြုသောအခါတွင် ထိုသူသည် အပြစ်လွှတ်ခြင်းကို ခံရ သည် “ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ် တော်မူခြင်း ကျေးဇူးကို ငါတို့သည်ခံရကြ၏” ( ဖေက် ၁း၈)။ ထိုသို့ ဆိုခြင်း သည်ကား၊ “သင်တို့အပြစ်ရှိသမျှ တို့ကိုလွှတ်တော်မူ၏” ( ကောလော ၂း၁၃)။ ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်သည် “အရှေ့မျက်နှာ စွန်းသည် အနောက် မျက်နှာစွန်းနှင့် ဝေး သကဲ့သို့ ကျွန်ုပ်တို့နှင့် ဝေးစေပြီ ”( ဆာလံ ၁၀၃း၁၂)။ အပြစ်ဒုစရိုက် အပေါင်း



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၂ အောက်တိုဘာလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂန္ဓာ ထုတ်ဝေသည်။

တို့ကို နက်နဲသော ပင်လယ်ထဲသို့ ချပစ်တော်မူလိမ့်မည် ( မိက္ခာ ၇း၁၉) ဟူ၍ မိန့်ဆိုထားလေပြီ။

ဂ။ ဖြောင့်မတ်သူ အဖြစ်သို့ ရောက်ရှိခြင်း။ ရောမ ၅း၁ တွင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်း အားဖြင့် ဖြောင့်မတ်ကြပြီ ဟူ၍ ဆိုသကဲ့သို့ အငယ် ၉ တွင် သူ၏ အသွေးတော်အားဖြင့် ဖြောင့်မတ်စေပြီဟု ဆိုထားပါသည်။ ဖြောင့်မတ်ခြင်းဟူသည် ကယ်တင်ခြင်းသို့ ရောက်ရှိ ခဲ့သော်လည်း၊ ဗီဇအပြစ်နှင့် အပြစ်သား အဖြစ် ရှိမြဲ ဖြစ်သော်လည်း ခရစ်တော်၏ ဖြောင့်မတ်ခြင်းအားဖြင့် ဘုရားရှင်က သူ့အား ဖြောင့်မတ်သူ အဖြစ် သတ်မှတ် လိုက်ခြင်းပင်ဖြစ်သည်။ ဘုရားရှင်က ထိုသူအား ကြည့်ရှုရာတွင် ခရစ်တော်က ထိုသူအတွက် အသွေးတော်အားဖြင့် အပြစ်ကြွေး ပေးချေပြီး ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်သည် ခရစ်တော်ကို ယုံကြည် လက်ခံထားသူအား ဖြောင့်မတ်သူ ဟု သမုတ်ခြင်းသည် တရားမျှတတော်မူ၏။

ဃ။ ဒုတိယ မွေးဖွားခြင်းကို ခံရသောသူ။ ယေရှု ခရစ်တော်ဘုရားက နိကောဒင်အား ဒုတိယမွေးခြင်းကို မခံသောသူသည် ကောင်းကင်နိုင်ငံတော်ကို မမြင်ရဟု မိန့်တော် မူခဲ့၏ ( ယော ၃း၃)။ ၁ ပေ ၁း၂၃ တွင် ပေတရုက နှုတ်ကပါတ်တော်အားဖြင့် ဖြစ်ပွား စေကြသောသူ ဖြစ်ကြောင်းဆို၏။ ကယ်တင်ခြင်းသို့ ရောက်ရှိချိန်တွင် သူသည် ဝိညာဉ်တော် အားဖြင်း မွေးဖွားခြင်းကိုခံကြရပြီး အသက်တာကို စတင်ရန် အစပြုလာခဲ့ ပေပြီ။ ထိုအရာကို အသစ်သောမွေးဖွားခြင်းဟူ၍ ခေါ်ဆိုသည်။ ခရစ်တော်အား ယုံကြည် လက်ခံသောသူ၏ နှလုံးတွင် ဘုရားရှင်၏ တန်ခိုးတော်အားဖြင့် အသစ်သော အသက်တာ ကို ရရှိစေပါသည် ( ၂ ကော ၅း၁၇)။

င။ ဝိညာဉ်တော်ဘုရား၏ ဗိမ္မာန်တော်ဖြစ်လာခြင်း။ ခရစ်တော်အား ယုံကြည်လက်ခံ ချိန်တွင် သူ၏ အထဲ၌ ဝိညာဉ်တော်သည် အမြဲ ကိန်းဝပ်တော်မူ၏။ ရှင်ပေါလုက အကြင်သူ၏ အထဲ၌ ဝိညာဉ်တော် မကိန်းဝပ်ပါက ထိုသူသည် ဘုရားသခင်နှင့် မစပ်ဆိုင်ဟု ဆို၏ ( ရော ၈း၉)။ သူ၏ ကိုယ်ခန္ဓာသည် ယခု သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမ္မာန်တော် ဖြစ်လာခဲ့ပေပြီ ( ၁ ကော ၆း၁၉)။ ပင်တေကုတ္တေသမား အချို့က မကြာ မကြာ ဝိညာဉ် ရရှိရန် ကြံဖန်၍ ရှာကြသည်။ သူတို့သည် အမှန် ကယ်တင်ခြင်း ရရှိပြီးသူ ဖြစ်ပါက ထပ်၍ ရှာကြံရန် မလိုအပ်တော့ပေ။ အကြောင်းမှာ ဝိညာဉ်တော်ဘုရား အား ရရှိ ပိုင်ဆိုင်ထားပြီး သောကြောင့် ပင်ဖြစ်သည်။

စ။ အပြစ်စီရင်ခြင်းမှ လွတ်ငြိမ်းခြင်း။ ယေရှုခရစ်တော်ဘုရားက သူ့ကို ယုံကြည်သော သူတို့အား တိကျသော အမိန့်တော် စကားမိန့်မြွက်တော်မူသည်ကား “အပြစ်စီရင်ခြင်းကို မခံရ” ဟူ၍ ဖြစ်သည် ( ယော ၅း၂၄)။ ခရစ်တော်၌ရှိသော သူတို့၌ အပြစ်စီရင်ခြင်း မရှိတော့ကြောင်း ( ရော ၈း၁) ရှင်ပေါလုက တဖန်ဆိုခဲ့လေသည်။ ကယ်တင်ခြင်းသို့ ရောက်သော သူသည် အမှားအယွင်း ရှိကောင်းရှိမည် ဖြစ်သော် လည်း ခရစ်တော်သည် သူ့အား ထိုအပြစ်အတွက် ပေးဆပ်ပြီးပြီ ဖြစ်သောကြောင့်၊ စီရင်ခြင်းကို မခံရတော့ပါ။ ဘုရားရှင်သည် သူ့အား ထိုအပြစ်အတွက် ဆုံးမကောင်း ဆုံးမ မည် ဖြစ်သော်လည်း၊ အပါယ် ငရဲ၌ စီရင်ခြင်းကိုကား ပြုတော်မမူတော့ပေ။

ဆ။ ထာဝရအသက် ပိုင်ဆိုင်ခြင်း။ ခရစ်တော်ဘုရားက “ဘုရားသခင်၏သားတော်ကို ယုံကြည် သောသူသည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရ…”ဟူ၍ မိန့်ဆိုခဲ့သည် ( ယော ၃း၁၆)။ ရှင်ယောဟန်က ရှင်းပြသည်မှာ ဘုရားရှင်သည် တပါးတည်းသော သားတော်အားဖြင့် ကျွန်ုပ်တို့အား ထာဝရအသက်ကိုပေးခဲ့ကြောင်း၊ ခရစ်တော်သည် ထာဝရ အသက်သခင် ဖြစ်သောကြောင့် ယုံကြည် လက်ခံသောသူသည် ခရစ်တော်၌ ရှိသော ထာဝရအသက်ကို ပိုင်ဆိုင်ရကြောင်း တိတိကျကျ ရှင်းပြခဲ့သည် ( ၁ ယော ၅း၁၁–၁၂)။ ကျွန်ုပ်တို့သည် ရုပ်ခန္ဓာအားဖြင့် တနေ့ သေကြရမည် ဖြစ်သော်လည်း၊ ယုံကြည်သို့ ဖြစ်သည့်အလျောက် ထာဝရ အသက်ရှင်ကြရမည်မှာ ကျွန်ုပ် တို့၌ ရှိသော ထာဝရအရှင် ခရစ်တော်အားဖြင့်ပင်ဖြစ်သည်။

*၆။ ကယ်တင်ခြင်းစိတ်ချမှု။* အချို့က ကယ်တင်ခြင်းရပြီးသူ တဦးသည် အပြစ် တရားတွင် ကျဆင်းသည့် နောက်တွင် ကယ်တင်ခြင်းပြန်၍ ဆုံးရှုံးနိုင်သည်ဟု ထင်မှတ်ကြ၏။ ထိုအရာသည် သမ္မာကျမ်းစာအား အခြေခံရာမှ လာခြင်းမဟုတ်ပဲ ကယ်တင်ခြင်း အကြောင်းကို ကောင်းစွာ နားမလည်ပဲ ကိုယ်ပိုင်အတွေးအခေါ်များမှ လာသော အရာသာ ဖြစ်သည်။ အောက်တွင် ဖော်ပြထားသော သမ္မာကျမ်းပိုဒ်အများ အပြား တို့သည် သမ္မာတရားအတိုင်း ကယ်တင်ခြင်း မဆုံးရှုံးနိုင်ကြောင်းကို ဖော်ပြ ထားခြင်း ဖြစ်သည်။

က။ ဘုရားရှင်၏ အိမ်တော်သားဖြစ်ခြင်း။ ကယ်တင်ခြင်းခံရသောသူသည် ဘုရားရှင်၏ မိသားစုဝင်အဖြစ်သို့ ရောက်ရှိပြီး၊ ထိုမိသားစုဝင်ဖြစ်ခြင်းမှ ပြောင်းလဲခြင်း မရှိနိုင်တော့ပေ။ ဗျပျာက်သော သားသည် ဖခင်အား ဝမ်းနည်းစေခြင်း၊ ဆန့်ကျင်ခြင်း၊ အမှုများကိုပြုပြီး အဝေးသို့ထွက်ခွါသွားခဲ့သည်။ သို့သော် သားအဖ ဖြစ်ခြင်းကား ပြောင်းလဲခြင်း မရှိ၊ ဆက်နွယ်မှုသည်ကား ဖြစ်မြဲဖြစ်ဆဲပင်ဖြစ်သည်။ ထို့အတူ ကယ်တင်ခြင်း ရရှိပြီးသူသည် ဘုရား၏ အိမ်တော်သားအဖြစ်မှ အဘယ်သို့ ပပျောက်နိုင်မည်နည်း။

ခ။ ယုံကြည်သူသည် ထာဝရ အသက်ကို ရ၏။ ဘုရားရှင်က ယုံကြည်သောသူသည် ထာဝရအသက်ကို ရ၏ဟု ဆို၏ (ယော ၃း၁၆)။ ယေရှုခရစ်တော် ဘုရားက “ထာဝရ အသက်ကို ငါပေး၏၊ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်” ( ယော ၁၀း၂၈)။ထာဝရ အသက်ဟူသည် ထာဝရပင်ဖြစ်သည်။ ဤပြစ်ပြုမိ၍ လေးငါးနှစ်သာ ခံသော ဘ၀ သက်တမ်းကို အဘယ်သို့ ထာဝရအသက်ဟု ခေါ်ဆို နိုင်မည်နည်း။ ကယ်တင်ခြင်း ဆုံးရှုံး၍ ပျက်စီးခြင်းသို့ ရောက်ပါက ခရစ်တော်ဘုရားက “ပျက်စီးခြင်းသို့ မရောက်”ဟု အဘယ်သို့ ပြောနိုင်လိမ့်မည်နည်း။

ဂ။ ယုံကြည်စိတ်ချရသော ဘုရားကတိတော်။ သမ္မာကျမ်းစာမြတ်၌ ထာဝရ စိတ်ချမှု ပေးသော ဘုရားရှင်၏ ကတိတော်သည် ယုံကြည်သူတိုင်းအတွက် ပေးထားခြင်း ဖြစ်သည်။ ယော ၆း၃၇ တွင် ခရစ်တော်က “ငါ့ထံသို့ လာသောသူကို ငါသည် အလျှင်းမပယ်”။ “ အဘယ်သူမျှ ထိုသိုး ( ယုံကြည်သူ) တို့ကို ငါ့ခမည်းတော်၏ လက်မှ မနှုတ် မယူနိုင်ရာ” ( ယော ၁၀း၂၉)။ ဟေဗြဲ ၁၃း၅ တွင် ခရစ်တော်ဘုရားက “ငါသည် သင့်ကိုမစွန့်၊ အလျှင်းပစ်၍မထား” ဟူ၍ကတိတော်ပေးခဲ့ပါသည်။ မဟာ စေခိုင်းချက်တွင်လည်း ကပ်ကမ္ဘာ ကုန်သည့်တိုင်အောင် ကျွန်ုပ်တို့နှင့် အတူ ရှိသည်ဟူ၍ ဆိုထားပါသည် ။ ( မဿဲ ၂၈း၂၀)။ အကယ်၍ ကယ်တင်ခြင်း ဆုံးရှုံးနိုင်ပါက ဘုရားရှင်၏ကတိတော်တို့သည် အဘယ်မှာ စိတ်ချ ရပါတော့အံ့နည်း။

ဃ။ ကယ်တင်ခြင်း အရင်းအမြစ်။ လူတဦးက ထိုသို့သော အပြစ်တွေပြုက ကယ်တင်ခြင်း နှင့် မထိုက်မတန်ဟု ဆိုကောင်း ဆိုကြပေမည်။ ထိုအရာသည် မှန်ကန်လျှက် ရှိ၏၊ ကောင်းစွာ အသက်ရှင်သော ယုံကြည်သူပင် ကယ်တင်ခြင်းကား ထိုက်တန်၍ ရသည်မဟုတ်ပါလေ။ ကျွန်ုပ်တို့သည် ကိုယ့်ကုသိုလ်ကြောင့် မဟုတ်၊ ဘုရားရှင်က သနား တော်မူ၍ပင် ကယ်တင်ခြင်းသို့ ရောက်ရပါသည်။ ကောင်းမှုကုသိုလ်အားဖြင့် ကယ်တင်ခြင်း မရနိုင်ပါက အဘယ်သူက ကောင်းမှုကုသိုလ်အားဖြင့် ကယ်တင်ခြင်းကို ထိန်းသိမ်း နိုင်ပါအံ့နည်း။ ကယ်တင်ခြင်းဟူသည် ကျွန်ုပ်တို့၏ ကောင်းသော အကျင့်သီလတွင် တည်ခြင်း မဟုတ်ပဲ ဘုရားရှင်၏ သနားခြင်း သက်သက်၌သာ အရင်းခံပါသည်။ ကျွန်ုပ်တို့ ကောင်းသော အကျင့်ကို ကျင့်ရန်ဘုရားရှင်က အသက်တာသစ်ကို ပေးခြင်း သည်ကား အမှန်ပင်ဖြစ်သည် ( ဖေက် ၂း၁၀)။ ယုံကြည်သူတိုင်းသည် ခြောက်ပြစ်ကင်း သဲလဲစင်ကား ရှိမည်မဟုတ်ပါ။ အဘယ်မျှလောက် အပြစ်ကိုပြုက ကယ်တင်ခြင်း ဆုံးရှုံးနိုင်သည်ဟု ယုံကြည်တွေးထင်သူသည် ကယ်တင်ခြင်းမခံရမီ များပြား လှစွာသော ကျွန်ုပ်တို့၏ ဆေးကြောခြင်း ခံရသော အပြစ်များကို အဘယ်၍၊ အဘယ်မျှ ဟူ၍ ပြောပြနိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ အကောင်းဆုံးသော အားထုတ်မှု များ အားဖြင့်လည်း ၊ ကယ်တင်ခြင်းခံရရန် ထိုက်တန်သောသူဟူသည် တစုံတဦးမျှ မရှိပါ။

င။ ဘုရားရှင်၏ အာမခံချက်။ အပြစ်ပြု၍ ကယ်တင်ခြင်းဆုံးရှုံးပါက သူသည် စီရင်ခြင်း ခံရကာ ထာဝရငရဲသို့ ကျရောက်ရပေမည်။ အမှန်အကန် ဘုရားသခင် မိန့်တော်မူသည်ကား “ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌ တည်၍… သူတို့သည် အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်ကြ၏” ( ရော ၈း၁)။ “ထာဝရ အသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ” ( ယော ၅း၂၄) ခရစ်တော်၌ တည်ရှိနေသော သူအား ဘုရားရှင်သည် အဘယ်သို့စီရင်ပါအံ့နည်း။ ခရစ်တော် ရွေးနှုတ်ခဲ့သော သူ၏သားသမီးတို့ကို အဘယ်သို့ ဘုရားရှင်သည်စီရင်ပါအံ့နည်း။

စ။ ကယ်တင်ခြင်းသည် တကြိမ်သာဖြစ်သည်။ ဟေဗြဲ ၆း၄–၈ သည် ခက်ခဲနက်နဲသော ကျမ်းပိုဒ် ဖြစ်သည်။ ကျမ်းတတ်ပုဂ္ဂိုလ် အများက ထိုကျမ်းပိုဒ်အားနည်းလမ်းမျိုးစုံဖြင့် ရှင်းပြ သွန်သင်ကြသည်။ အချို့က ထိုကျမ်းချက်သည် ကယ်တင်ခြင်း ဆုံးရှုံးစေနိုင်ကြောင်း ဆိုကြ၏။ လူသည်အလင်းသို့ရောက်၍ ဖေါက်ပြန်နိုင်၏။ ထိုကျမ်းပိုဒ် ဤသို့ ဆိုပါက ယုံကြည်သူသည် အပြစ်ပြုပြီးနောက် နောင်တရ၍ ကယ်တင်ခြင်းကို ပိုင်ဆိုင်ရန် အကြောင်း မရှိတော့ဟူ၍ ဆိုရပေမည်။ နောင်တရအံ့သောငှါ အသစ်ပြုပြင်ခြင်း သို့ မရောက်နိုင်ကြ ( ၆း၄၊၆)။ ထိုသို့အမှန်ဆိုပါက ( **Backslide** ) ဟူ၍ ခေါ်သော ဝိညာဉ်ရေးရာ ခြေချော် လက်ချော် လဲသောသူတို့သည် ကယ်တင်ခြင်းသို့ မည်သို့မှ ပြန် မရောက်တော့ပဲ ထာဝရ ငရဲ၌ဆုံးရှုံးကြရပေတော့မည်။ စာရေးသူ၏ ယုံကြည်ချက်မှာ ကယ်တင်ခြင်းသည် ထာဝရ မဆုံးရှုံးသောကြောင့် နောက်တကြိမ် ထပ်၍ ကယ်တင်ခြင်းသို့ ရောက်ရန် မလိုတော့ပေ။ ယုံကြည်သူ သည် အပြစ်ပြု၍ လဲကျ ပါက နောင်တ တရားနှင့်အတူ မိတ်သဟာယကို ပြန်လည်ရယူရပေမည် ( ၁ ယော ၁း၉)။ ကယ်တင်ခြင်းကိုကား ရထားပြီးဖြစ်၍ အကြိမ်ကြိမ် ခံယူရန် မလိုအပ်တော့ကြောင်း သိရပေသည်။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၂ အောက်တိုဘာလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၁၀ ထုတ်ဝေသည်။

ယနေ့ ကယ်တင်ခြင်း မရရှိပဲ ကယ်တင်ခြင်းခံရပြီဟု ကြွေးကြော်သူ အများ အပြား ရှိသည်ကားမှန်၏။ ခရစ်တော်အား စစ်မှန်စွာ ယုံကြည်သော သူတို့သာလျှင် ကယ်တင်ခြင်းကို ကျေးဇူးတော်သက်သက်ဖြင့် ခံစားရရှိကြသည်၊ ထိုက်တန်၍ကား မဟုတ်ပါ။ ယုံကြည်သူသည် အပြစ်ပြုမိကောင်း ပြုမိ၍ ထိုအကျိုးဆက်ကြောင့်၊ ဘုရားရှင်နှင့် မိတ်သဟာယ ပျက်သွားသော အသက်တာတွင် ကောင်းကြီး မင်္ဂလာ၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ကို တဒင်္ဂမျှ လက်လွှတ်ဆုံးရှုံးရပြီး ဆုံးမခြင်းကို ရင်ဆိုင်ရကောင်း၊ ရင်ဆိုင်ရပေမည်။ ထိုသို့တိုင်အောင် ဘုရားသားဖြစ်ခြင်းနှင့် ထာဝရ ကယ်တင်ခြင်း တရားကိုကား လုံးဝ မရှုံးကြောင်း ရှင်းလင်းစွာ ဖော်ပြသော နည်း ဥပဒေသ ပင်ဖြစ်သည်။ ။ ဆယ်မြူရယ်စိုးလွင်

---

**ခရစ်တော်၏ရုပ်ပုံလွှာ-၂၀ ထာဝရဘုရား၏လက်တော်**

# ထာဝရဘုရား၏လက်တော်

ထာဝရဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှား တော်မူသနည်း။ ဟေရှာယ ၅၃း၁ ။



ဟေရှာယသည် ယေရှုခရစ်တော် အသေခံမည့် အကြောင်း ရေးသား ဖော်ပြချက်တွင် အခြားသော ဓမ္မဟောင်း ကျမ်း ရေးသားသူများထက် သာလွန် ကောင်းမွန်သော စကားလုံး များကို သုံးနှုန်းထားပါသည်။

ငါတို့ ဟောပြောသော သတင်းစကားကို အဘယ်သူ ယုံသနည်း။ ထာဝရ ဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှား တော်မူသနည်း။ ဟေရှာယ ၅၃း၁ ။



လက်တော်သည် တန်ခိုးပါသော စကားလုံး ဖြစ်သည်။ အဆုံး အဖြတ် ပေးသော လှုပ်ရှားမှု ဖြစ်ပါသည်။ ခရစ်တော်သည် အပြစ်ဒဏ်မှ လွှန်မြောက် ခွင့် ပေးသော။ အကောင်းဆုံးအရာ ဖြစ်သော၊ ကယ်တင်ခြင်း ဖြစ်သော ဤ သင်ခန်းစာ၏ သတိပေးချက်ဖြစ်သည်။

ရာစုနှစ်ပေါင်းများစွာ ကတည်းက ပရောဖက်များ။ ပညာရှင်ကြီးများ ခြေဖျားထောက် လည်ပင်းဆန့်ကာ စောင့်မျှော် နေကြသော ကယ်တင်ရှင် မေရှိယ အား ဤစကားလုံးက အများ သိစေရန် ဖွင့်လှစ် ဖော်ပြခဲ့ပါသည်။

ရာစုနှစ်ပေါင်း များစွာကတည်းကပင် ပရောဖက်များနှင့် လူ့အလွှာ အသီးသီး လူတန်းစား အရပ်ရပ်တို့သည် ကယ်တင်ရှင် မေရှိယ ကြွလာခြင်းကို ခြေဖျားထောက် လည်ပင်းဆန့်၍ စောင့်ဆိုင်းနေခဲ့ကြပါသည်။ အချိန်အခါ သင့်သော အခါ ထူးခြားသော အံ့သြဘွယ်ရာသည် ဗက်လင်မြို့ နွားစားခွက်လေး ထဲတွင် ဖြစ်ပေါ်လာခဲ့ပါသည်။ ထာဝရဘုရား၏ လက်တော်က ဖုံးဝှက်ထားသော အရာကို ဖွင့်ပြပေးခဲ့ပါသည်။ ထိုအရာသည် နွားစားခွက်မှ စတင်ခဲ့ကာ ကရာနီ ကားတိုင်ထိ တိုင်အောင် တက်လှမ်းခဲ့သော ထာဝရဘုရား၏ ကယ်တင်ခြင်း လက်တော်ပင် ဖြစ်ပါသည်။

ဧကရာဇ်ဘုရင် ကော်စတန်တိုင်းက ယေရှုခရစ်တော် မွေးဖွားခဲ့သည်ဟု ယူဆရသော နွားတင်းကုပ်နေရာတွင် ဘုရားကျောင်းတစ်ဆောင်ကို ဆောက်လုပ် ခဲ့ပါသည်။ ယေရှုခရစ် မွေးဖွားရာ နွားစားခွက်နေရာတွင် ဘုရားကျောင်း ယဇ်ပလ္လင်ကို တွေ့မြင်ရပါသည်။ အတွင်းသို့ ဝပ်တွား (သို့) ဒူးထောက်၍ ဝင်ရောက် နိုင်ပါသည်။ ကြမ်းပြင်ပေါ်တွင် ကြယ်များနှင့် မွမ်းမံ အလှဆင်ထားပါ သည်။ လက်တင်ဘာသာစကားဖြင့် ရေးထိုးထားသော ကဗ္ဗည်းစာတမ်းကိုလဲ တွေ့မြင်နိုင်ပါသည်။ "ဤ နေရာသည်ကား အပျိုကညာ မယ်တော်မာရိမှ မွေးဖွား လာသော ယေရှုခရစ်တော်၏ နေရာဖြစ်သည်"။ ဟု အဓိပ္ပါယ်ရပါသည်။ ထိုအရာသည် ယေရှုခရစ်တော်၏ မွေးဖွားရာနေရာသို့ လာရောက်ကြကုန်သော ဘုရားဖူးများ ဒူးထောက် ဝတ်ပြု အရိုအသေ ပေးချင်စရာ ကောင်းမွန်သော လုပ သည့် အမှတ် လက္ခဏာပင် ဖြစ်ပါသည်။



စဉ်းစားစရာ အချက်မှာ ကောင်းကင် မြေကြီး ကြယ်နက္ခတ် များကို ဖန်ဆင်းစဉ်က ဘုရားသခင် (ယေရှုခရစ်တော်)၏ တန်ခိုးစွမ်းအားသည် ဖုံးဝှက်ထားခဲ့ပါသည်။ သို့သော် သူ၏ ချစ်ခြင်းမေတ္တာအား သူငယ်တော်ယေရှုအဖြစ် လူ့ဇာတိ ခံယူစဉ်က ဖွင့်လှစ်ပြသခဲ့ပါသည်။ ထာဝရဘုရား၏ လက်တော် သည် ထိုထက်ပို၍ ဖွင့်လှစ်ပြသခဲ့ပါသည်။ သူ၏ ခမ်းနား ထယ်ဝါသော အသက်တာ။ နာကျင်ခြင်း ဒုက္ခဝေဒနာနှင့် အသေခံခြင်း။ ရှင်ပြန်ထမြောက်ခြင်းနှင့် အောင်ပွဲ ခံခြင်း။ ကောင်းကင်သို့ ချီဆောင်ခံခြင်းများကို တွေ့မြင်ရမှာဖြစ်ပါသည်။ ထို့ထက် မက သူ၏ ဖြစ်စဉ်များကို သန့်ရှင်းသော ဝိညာဉ်တော်ဘုရား အားဖြင့် ဆက်လက် ဖွင့်လှစ်ပြသ သွားမှာဖြစ်ပါသည်။

ထို့ထက် စိတ်လှုပ်ရှားဖွယ်ရားဖွယ်ရာ ကောင်းသည်မှာ ဒုတိယအကြိမ် ချီဆောင်ခြင်းကာလတွင်လဲ ယေရှုခရစ်တော်သည် သူ၏ လက်တော်ကို ထပ်မံ ဖွင့်လှစ်ပြသသွားအုံးမည် ဖြစ်ပါသည်။ ဤ သတင်းစကားကို အဘယ်သူ ယုံကြည် ပါသနည်း။ ယုံကြည်သူသည် ဘုရားသခင်၏ လက်တော်ကို မြင်ရမည် ဖြစ်ပါ သည်။ သင်လော။ ကျွန်ုပ်လော။


အိုး - ကောင်းကင်ဘုံရှင်အဖ။ ကိုယ်တော် ကျွန်ုပ်တို့ကို ချစ်သောကြောင့် ယေရှု ခရစ်တော်အား ကောင်းကင်မှ လူ့ဇာတိ ခံယူစေကာ ကားတိုင်သို့တိုင် ဆောင်ယူ စေခဲ့သောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါသည်။ ။

**မင်းအောင်သက်လွင်**

(ဝန်ခံချက် - ဟန်နရီ ဂရာဗီ ရေးသားသော Arm of the Lord အား ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆို ပါသည်။)

**[ကာတွန်း - လူညာ]**

**(သရုပ်ဖော်ပုံ - မင်းအောင်သက်လွင်။ အတွေးစာသား - တောသားလေး)**




အခြေပြုကျမ်း။ တစ်စုံတစ်ယောက်သောသူက ငါသည် ဘုရားသခင်ကို ချစ်၏ဟု ဆိုလျှက်ပင် မိမိ ညီအစ်ကို ကို မုန်းလျှင် ထိုသူသည် မုသာကို သုံးသောသူ ဖြစ်၏။ မိမိ မြင်ရသော ညီအစ်ကို ကို မချစ်လျှင် မမြင်သေးသော ဘုရားသခင်ကို အဘယ်သို့ ချစ်နိုင်မည်နည်း။ ၁ယော ၄း၂၀



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေဖန်ချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။